# နွားရောဂါ ကာကွယ်ဆေးထိုးခြင်း

## ဘာကြောင့်ကာကွယ်ဆေးထိုးသလဲ ။

နွားများကိုကာကွယ်ဆေးထိုးနှံပေးခြင်းသည် ၊ ကူးစက်တတ်သောရောဂါများဥပမာ–ဒေါင့်သန်း ၊ လည်ချောင်းကွဲ ၊ ပေါင်ပုတ်လက်ပုတ်စသည့်ရောဂါများကို ခုခံကာကွယ်နိုင်ရန်ဖြစ်သည် ။ အဆိုပါရောဂါများဖြစ်ပွါးပါက

- နွားများအသေအပျောက်မြန်ခြင်း ၊ အသေများခြင်း ။
- အသက်မသေပါကအားအင်ကုန်ခမ်းခြင်း ။
- အစားအသောက်ပျက်ခြင်း ၊ ကြီးထွားမှုနှေးကွေးခြင်း ။
- လုပ်ငန်းခွင်တွင်အသုံးမပြုနိုင်ခြင်းစသည့် အကျိုးဆက်များကိုဖြစ်ပေါ်စေပါသည် ။

အချို့တောင်သူများသည် အချိန်ကုန်မခံလိုခြင်း ၊ ငွေကုန်မခံလိုခြင်းကြောင့် မိမိနွားများကို ကာကွယ်ဆေးမထိုးကြပါ ။ သို့ရာတွင် ကာကွယ်ဆေး၏အကျိုးသည် ဆေးဘိုးထက်များစွာသာသည်ကိုသတိပြုသင့်သည် ။



## လိုအပ်ချက်များ။



- ကာကွယ်ဆေး
  ( မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှရရှိနိုင်သည် )
- နွားထိန်းချုပ်ညှပ် ၊ ညှပ်မရှိပါက ၊
  လည်ပင်းကြိုးကိုတိုင်တွင်ပတ်၍ ချီနိုင်ရန် ခိုင်ခန့်သောတိုင်တလုံး
- သို့မဟုတ် ယာယီညှပ်ပြုလုပ်နိုင်ရန်ဝါးလုံး(၂)လုံး ။

## ကာကွယ်ဆေးထိုးနှံခြင်း။

ကျေးရွာအတွင်း သင့်လျော်သောနေရာတစ်တနေရာတွင် နွားချည်တိုင် ( သို့မဟုတ် ) ဝါးလုံးနှစ်လုံးဖြင့်ညှပ်ပြုလုပ်ပါ ။
အဆိုပါလုပ်ငန်းကိုစိတ်ဝင်စားသူတောင်သူအဖွဲ့ ၊ ကျေးရွာကော်မီတီအကူအညီဖြင့်ဆောင်ရွက်သွားရန်ဖြစ်ပါသည် ။
၁။ ကာကွယ်ဆေးထိုးနှံမည့်နေ့ရက် ၊ နေရာ ၊ အချိန်ကိုတိရစ္ဆာန်ဆေးကုဆရာဝန်နှင့်စီစဉ်ဆောင်ရွက်ရမည် ။
၂။ လယ်သမားများအားလုံး မိမိတို့သတ်မှတ်ထားသောနေရာသို့ နေ့ရက် ၊ အချိန်မီ မိမိတို့နွားများနှင့်အတူ စုဝေးရောက်ရှိရန်
၃။ လိုပါသည် ။ သို့မှသာတစ်ချိန်တည်းဆေးထိုးပေးနိုင်ပါမည် ။
၄။ ဆေးထိုးမည့်ရက်တွင်ကာကွယ်ဆေးကို တိရစ္ဆာန်ဆေးကုဆရာဝန်ကယူလာ၍ ထိုးပေးမည်ဖြစ်ပါသည် ။
၅။ ညှပ်မရှိပါကလည်း ပိုင်ရှင်မှနဖားကြိုးကိုကိုင်ပြီး ထိန်းပေးပါက ဆေးထိုးနိုင်ပါသည် ။
၆။ မိမိပြက္ခဒိန်ပေါ်တွင် နွားများ၏ကာကွယ်ဆေးထိုးပြီးသည့်ရက်နှင့် ဆေးအမည်ကိုမှတ်သားထားရပါမည် ။
၇။ နွားဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးပါက ဆေးထိုးပြီးလျှင်ဖျားတတ်ပါသဖြင့် ဆေးထိုးပြီးတိုင်း ( ၁–၂ ) ရက်ခန့်
၈။ အနားပေးရန်လိုပါသည် ။ အခြားရောဂါကာကွယ်ဆေးများအတွက် အထူးသတိပြုရန်မလိုပါ ။
၉။ ကာကွယ်ဆေးထိုးပြီးနွားများကို ( ၆ ) လတစ်ကြိမ် ( သို့မဟုတ် ) တစ်နှစ်တစ်ကြိမ် အောက်ဖော်ပြပါဇယား
၁၀။ အတိုင်း ဆေးအမျိုးအစားအလိုက် ထပ်မံဆေးထိုးပေးရန်လိုပါသည် ။

## ဘယ်အချိန်မှာကာကွယ်ဆေးထိုးဖို့အကောင်းဆုံးလဲ

ရာသီအပြောင်းအလဲတွင် ရောဂါဖြစ်ပွားတတ်ရာ ၊ မိမိ၏နွားများကို မိုးဦးနှင့်မိုးနှောင်းကာလများတွင်ဖြစ်စေ ၊
အနီးအနားတစ်ဝိုက်တွင် ရောဂါဖြစ်ပွားနေလျှင်ဖြစ်စေ ၊ ကာကွယ်ဆေးထိုးရန် အကောင်းဆုံးဖြစ်ပါသည် ။

တစ်ကြိမ်တည်းတွင် ဆေးတစ်မျိုးထက်ပိုပြီးထိုးရန်မသင့်ပါ ။ အနည်းဆုံး ( ၇ ) ရက်ခန့်ခြားပြီးမှ အခြားဆေးတစ်မျိုး ထိုးသင့်ပါသည် ။

## ကာကွယ်ဆေးထိုးနှံမှုအခြေပြဇယား။

| စဉ် | ရောဂါကာကွယ်ဆေးအမည် | ထပ်မံဆေးထိုးမည့်ကာလ |
|---|---|---|
| ၁ | နွားပေါင်ပုတ် ၊ လက်ပုတ် | ၆–လတစ်ကြိမ် |
| ၂ | နွားဒေါင့်သန်း | တစ်နှစ်တစ်ကြိမ် |
| ၃ | နွား ခွါနာ ၊ လျှာနာ | ၆–လတစ်ကြိမ် |
| ၄ | နွားလည်ချောင်းကွဲ ( ဂျိတ်နာ ) | ၆–လတစ်ကြိမ် |